Department of
Education

GOVERNMENT OF
WESTERN AUSTRALIA

**အနာဂတ်ကိုပုံဖော်ခြင်း**

# သင့်ရဲ့စိတ်ပူပန်မှုတွေအကြောင်း ပြောကြရအောင်

ကျွန်ုပ်တို့၏ကျောင်းများသည် လုံခြုံကာ အားလုံးတန်းတူပါဝင်ပြီး ဂရုစိုက်သော သင်ယူလေ့လာရေးပတ်ဝန်းကျင်တွင် ကျောင်းသားအားလုံးအား အရည်အချင်းပြည့်မီသည့်ပညာရေးကို ပံ့ပိုးပေးရန် ဝန်ခံကတိပြုထားပါသည်။ ကျွန်ုပ်တို့သည် ကလေးများ၏ပညာရေးအတွက် မိဘများ၊ စောင့်ရှောက်သူများနှင့်အတူ လက်တွဲဆောင်ရွက်ရခြင်းကို တန်ဖိုးထားပါသည်။

သင်နှင့်သင့်ကျောင်းအကြား ဆက်သွယ်ဆက်ဆံရေးသည် သင့်ကလေး၏ပညာရေးအတွက် အရေးကြီးသောအစိတ်အပိုင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သင်၏စိတ်ပူပန်မှုများကို နားထောင်ပေးကာ တုံ့ပြန်ဖြေကြားပေးပြီး တိုင်ကြားချက်များကိုဖြေရှင်းရန် သင်နှင့်အတူ လုပ်ဆောင်ပေးမည်ဟု ယုံကြည်ထားသင့်ပါသည်။

သင့်တွင် စိတ်ပူပန်စရာများရှိသည်နှင့် သင့်ကျောင်းထံ ဆက်သွယ်ပါ။ သင့်ကလေး၏ ဆရာ၊ ဆရာမ၊ စာသင်နှစ် ပူးပေါင်းဆောင်ရွက်သူ၊ ကျောင်းစီမံအုပ်ချုပ်ရေး သို့မဟုတ် ကျောင်းအုပ်ကြီးနှင့် စကားပြောဆိုခြင်းသည် စတင်ရန်အတွက် အကောင်းဆုံးအရာဖြစ်ပါသည်။ ချိန်းဆိုမှုတစ်ခုကိုစီစဉ်ရန် ကျောင်းကိုဆက်သွယ်ပါ သို့မဟုတ် သင်ဆန္ဒရှိပါက အီးမေးလ်ပို့ပါ၊ ဖုန်းခေါ်ပါ သို့မဟုတ် စာရေးသားပေးပို့ပါ။

သင်သည် ကိစ္စရပ်အများအပြား သို့မဟုတ် ရှုပ်ထွေးသောကိစ္စရပ်များအကြောင်း ကျွန်ုပ်တို့ကို ပြောပြလိုပါက သင်၏စိတ်ပူပန်မှုများကို စာရေးသားပေးပို့ရန် သင့်ကို တောင်းဆိုနိုင်ပါသည်။

### အောက်ပါအခြေအနေတွင် သင့်ကျောင်း၏ ကျောင်းအုပ်ကြီးနှင့် စကားပြောဆိုပါ-

- သင်သည် ဆရာ၊ဆရာမ သို့မဟုတ် ဝန်ထမ်းနှင့်အတူ လက်တွဲဆောင်ရွက်သော်လည်း စိတ်ကျေနပ်စရာရလဒ်ကို မရရှိခဲ့ခြင်း
- ဆရာ၊ဆရာမ သို့မဟုတ် ဝန်ထမ်းအဖွဲ့ဝင်၏ လုပ်ဆောင်ချက်နှင့်ဆိုင်နေသော ကိစ္စရပ်ဖြစ်နေခြင်း
- သင့်ကလေး၏ပညာရေးကို တစ်စုံတစ်ရာသက်ရောက်မှုရှိနေသော ကိစ္စရပ်ဖြစ်နေခြင်း။

### အောက်ပါအခြေအနေတွင် သင့်ကျောင်း၏ ဒေသန္တရ ပညာရေးရုံးခန်းနှင့် စကားပြောဆိုပါ-

- သင်၏စိတ်ပူပန်မှုကို ကျောင်းက ဖြေရှင်းပေးနိုင်ခဲ့ခြင်းမရှိပါဟု ယုံကြည်လျှင်
- ကျောင်းအုပ်ကြီး၏ လုပ်ဆောင်ချက်နှင့်ဆိုင်နေသော ကိစ္စရပ်ဖြစ်နေခြင်း။

သင်သည် ကျွန်ုပ်တို့၏ဝဘ်ဆိုက် – education.wa.edu.au/contact တွင် ဒေသန္တရ ပညာရေးရုံးခန်းများစာရင်းကို တွေ့ရှိနိုင်ပါသည်

### အမည်မဖော်ဘဲ တိုင်ကြားပါ

သင်သည် အမည်မဖော်ဘဲ တိုင်ကြားနိုင်သည်။ သို့ရာတွင် သင့်တိုင်ကြားချက်၏ အသေးစိတ်အချက်များနှင့်ပတ်သက်၍ သင်နှင့်စကားပြောဆိုနိုင်ခြင်းမရှိပါက ပြဿနာကိုဖြေရှင်းရန် ခက်ခဲနိုင်ပါသည်။

### ပံ့ပိုးကူညီမှုရယူပါ

တိုင်ကြားခြင်းက လူအချို့အတွက် စိတ်ကသိကအောက်ဖြစ်နိုင်ပါသည်။ သင်သည် တိုင်ကြားချက်များဆိုင်ရာ အကြံပြုချက်ဖုန်းလိုင်းထံ 1800 655 985 သို့ ဖုန်းခေါ်ဆိုခြင်းဖြင့် ပံ့ပိုးကူညီမှုရယူနိုင်ပါသည်။ မိဘများနှင့် ဆက်သွယ်ဆက်ဆံရေးရုံးခန်းသည် ကျောင်းများ၊ ဒေသန္တရ ပညာရေးရုံးခန်းများ၊ ဗဟိုဝန်ဆောင်မှုများ၊ မိဘများနှင့် စောင့်ရှောက်သူများနှင့် ကျောင်းအသိုက်အဝန်း၏ အဖွဲ့ဝင်များကြားတွင် ဆက်သွယ်ဆက်ဆံပေးသူအဖြစ် ဆောင်ရွက်ခြင်းဖြင့် ပံ့ပိုးကူညီမှုကို ဖြည့်ဆည်းပေးနိုင်ပါသည်။ သင်သည် တိုင်ကြားချက်ကို ဖြေရှင်းဆောင်ရွက်နေစဉ်အတောအတွင်း အကြံဉာဏ်တောင်းခံရန်အတွက် မိဘများနှင့်ဆက်သွယ်ဆက်ဆံရေးရုံးခန်းထံ အီးမေးလ်ဖြင့် အချိန်မရွေး ဆက်သွယ်နိုင်ပါသည်- parentliaison@education.wa.edu.au

### တိုင်ကြားချက်ပြုလုပ်ပုံ သို့မဟုတ် အချက်အလက်များပိုမိုရယူရန်-

သင်၏ ကျောင်း သို့မဟုတ် ဒေသန္တရ ပညာရေးရုံးခန်းထံ ဆက်သွယ်ပါ။ ဆက်သွယ်ရန်အသေးစိတ်အချက်များကို ရှာရန်-
education.wa.edu.au/schoolsonline

တိုင်ကြားချက်များဆိုင်ရာ အကြံပြုချက်ဖုန်းလိုင်းထံ ဖုန်းခေါ်ရန်-
1800 655 985
တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် 8:30 မှ ညနေ 4:30 အထိ

တိုင်ကြားချက်ပြုလုပ်ရန်နှင့် တိုင်ကြားချက်လုပ်ငန်းစဉ်ကို နားလည်သဘောပေါက်ရန်-
education.wa.edu.au/complaints

သင်၏တိုင်ကြားချက်ကို ကိုင်တွယ်လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ စိတ်မကျေနပ်ပါက သို့မဟုတ် ရလဒ်မှာ အကျိုးအကြောင်းဆီလျော်မှုမရှိဟု ယုံကြည်ပါက၊ Ombudsman Western Australia - ombudsman.wa.gov.au ထံ ဆက်သွယ်ခြင်းဖြင့် လုပ်ငန်းစဉ်တစ်လျှောက်ရှိ မည်သည့်အဆင့်မဆိုတွင် လွတ်လပ်သော ပြန်လည်ဆန်းစစ်မှုကို တောင်းဆိုနိုင်သည်

**သင့်တွင်စိတ်ပူပန်စရာများရှိပါက သင့်ကလေး၏ ဆရာ၊ဆရာမ သို့မဟုတ် ကျောင်းအုပ်ကြီးနှင့် စကားပြောဆိုခြင်းသည် စတင်ရန်အတွက် အကောင်းဆုံးအရာဖြစ်ပါသည်။**

CC BY